ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (14-6-2010) (၆၄၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

သူတစ်ပါးအပေါ် အမှီအခိုကင်းသည့်နိုင်ငံအဖြစ် ကိုယ့်ခြေထောက်ပေါ်ကိုယ် ခိုင်ခိုင်မာမာရပ်နိုင်အောင် ကြိုးစား မိမိတို့နိုင်ငံသည် သယံဇာတ အရင်းအမြစ်ကြွယ်ဝသည့်အတွက် ၎င်းအရင်းအမြစ်များကို မိမိတို့၏ပေါင်းစည်းညီညွတ်သည့် အားစွမ်းရည်များနှင့် ပေါင်းစပ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အားသွန်ခွန်စိုက်ကြိုးပမ်း

နေပြည်တော် ဇွန် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ပြီးစီးသွားသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်း ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူဘူတာယာဒ်ဝင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှဝန်ထမ်းများ၊ ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ အိုးစည်ဒိုးပတ်အကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့✧

ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၁၄-၆-၂၀၁၀
(တနင်္လာနေ့)

မိုးရာသီ ကူးစက်ရောဂါများ သတိပြုကာကွယ်

စွတ်စိုထိုင်းမှိုင်းသော မိုးရာသီရောက်ရှိလာပြီ။ နွေအကုန်မိုးအကူး ရာသီဥတုပြောင်းချိန်တွင် ကိုယ်ခံအားနည်းတတ်သဖြင့် ရောဂါအချို့ ဝင်ရောက်နိုင်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး အလေးထားပြီး စနစ်တကျ နေထိုင်စားသောက်ကြရပေမည်။

မိုးရွာသွန်းမှုများပြားလာချိန်တွင် နှာစေး၊ အအေးမိ၊ တုပ်ကွေးရောဂါ သာမက အသည်းရောင်အသားဝါရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါတို့ ဖြစ်ပွားတတ်သဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်သည်။

အအေးမိခြင်း၊ တုပ်ကွေးမိခြင်းတို့ကို ရံဖန်ရံခါခံစားကြရပြီး လူ၏ ကိုယ်ခံစွမ်းအားကိုထိခိုက်စေသည်။ အအေးမိစေသော ပိုးမွှားအများစုသည် ဝတ္ထုပစ္စည်းများပေါ်တွင် နာရီပေါင်းများစွာရှင်သန်နိုင်သဖြင့် လက်နှင့် ပစ္စည်းကိုင်တွယ်မှု၊ လက်နှင့်လက်ချင်းထိတွေ့မှုတို့ကြောင့် ကူးစက်တတ်သည်။ လက်များသန့်ရှင်းမှုရှိစေရန် မကြာခဏလက်ဆေးခြင်း၊ ပိုးသတ်ဆေးဆပ်ပြာ အသုံးပြုဆေးကြောခြင်းတို့ ပြုလုပ်ကြရန်လိုအပ်သည်။

ကလေးသူငယ်များသည် လူကြီးများထက် အအေးမိနှာစေးရောဂါ ကူးစက်လွယ်သဖြင့် ကလေးငယ်များ ကျန်းမာရေးဂရုပြုစောင့်ရှောက်ပေးကြရပေမည်။ မိုးရာသီ၌ မျက်စိကျိန်း၊ မျက်စိနာရောဂါများဖြစ်ပွားနေစဉ် မသန့်ရှင်းသောလက်ဖြင့် မျက်စိကိုပွတ်သပ်မိရာမှ မျက်စိနာကူးတတ်သဖြင့် ကလေးသူငယ်များအပါအဝင် ပြည်သူတိုင်းက မိမိတို့လက်များ သန့်ရှင်းစင်ကြယ်စေရေး ဂရုပြုကြရပေမည်။

ထို့အပြင် မိုးရာသီ၌ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီးစသည့် ရာသီစာ အမှည့်လွန်အသီးများ၊ မသန့်ရှင်းသော အစားအစာများ စားသုံးမိရာမှ ဝမ်းလျှောဝမ်းပျက် ဖြစ်ပွားတတ်သဖြင့် သတိပြုဆင်ခြင်စားသောက်ကြရမည်ဖြစ်သည်။ မသန့်ရှင်းသောရေကို သောက်သုံးမိပါက ဝမ်းလျှောဝမ်းပျက် ကာလဝမ်းရောဂါနှင့် အူရောင်ငန်းဖျားရောဂါစသည်တို့ ဖြစ်ပွားနိုင်သဖြင့် သောက်သုံးရေမှန်သမျှကို ကျိုချက်ပြီးမှသာ သောက်သုံးသင့်ပေသည်။

ရာသီဥတုပြောင်းလဲလာချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါ အပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့် ပြည့်စုံနေစေရေး ကျန်းမာရေးသတိပေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြရပေမည်။ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားပြီး သတိပြုဆင်ခြင်နေထိုင်သွားလာ စားသောက်ကြခြင်းဖြင့် မိုးရာသီ ကူးစက်ရောဂါများမှ ကာကွယ်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၁၄) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ အားကစားဝန်ကြီး သူရဦးအေးမြင့် တက်ရောက် ဖွင့်လှစ်ပေး

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀ ခုနှစ် (၁၄) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (အား/ကာ)

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ယမန်နှစ် ချန်ပီယံအသင်းများဖြစ်သော ကယားပြည်နယ် အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က ဆုဖလားနှင့် ဒိုင်းဆုကြီးများကို ဝန်ကြီးထံ ပြန်လည်အပ်နှံကြသည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြပြီး ပထမ ဒန်အဆင့်ရရှိသူ တစ်ဦး၊ ဒုတိယ ဒန်အဆင့်ရရှိသူ သုံးဦးနှင့် တတိယ ဒန်အဆင့်ရရှိသူ ၄၄ဦးတို့အား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌက ခါးစည်းအဆင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပေးကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင်စည်ပင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု တိုင်းညွှန်မှူး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၃

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ထားမလုံဈေး၊ အောင်ချမ်းသာဈေး၊ ကမ်းနားဈေးနှင့် မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများအား ဇွန် ၁၀ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် **(ယာပုံ)**နှင့် တာဝန်ရှိသူများက စစ်ဆေးချက်မှတ်တမ်းပါအချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် သက်ဆိုင်ရာ ဈေးတာဝန်ခံများ၊ ဈေးအကျိုးဆောင်အဖွဲ့ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာ အထက(၁) ကျောင်းသားဟောင်းများ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်(၈)ရပ်ကွက် ဇမ္ဗူအေးတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုကြသော ကျောင်းသားဟောင်းများအနေဖြင့် အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးအောင်ကြည်မြင့် ဖုန်း-၀၉-၅၁၉၇၇၇၇၊ ၂၅၂၇၇၇၊ ဦးအေးကို၊ ဦးချိုအေး(ACA) ဖုန်း-၀၉-၅၀၅၇၀၆၆၊ ၆၉၁၁၂၃၊ ဦးစိုးသန်း ဖုန်း-၅၅၉၀၇၄၊ ၅၅၈၆၉၈၊ ဦးချစ်အောင် ဖုန်း-၇၃၀၂၂၀၆၃၊ ဦးတင်စိုး ဖုန်း-၀၉-၅၀၉၀၃၉၄၊ ဦးသန့်ဇော် ဖုန်း-၀၉-၅၁၃၉၁၄၅၊ ဦးပွင့်သစ် ဖုန်း-၀၉-၅၁၁၂၃၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် စုပေါင်းအလှူပွဲသို့ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

ဇွန် ၁၂ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပါဝင်ကာ ရေမြောင်းဆယ်ယူခြင်း၊ သစ်ပင်ချုံနွယ်များရှင်းလင်းခုတ်ထွင်ခြင်း၊ ကာကွယ်ဆေးဖျန်းခြင်း၊ အမှိုက်သရိုက်များသန့်ရှင်းခြင်း ဆောင်ရွက်ရာ မြို့နယ်အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဦးနှင့် ရပ်ကွက်တာဝန်ခံ ဦးခင်မောင်လေးတို့ အမက (၂၃) ကျောင်းဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှုကို အားပေးကြည့်ရှု ပါဝင်ဆောင်ရွက်စဉ်။ (၃၂)

မရမ်းကုန်းမြို့နယ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပဉ္စမအကြိမ်ညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဇွန် ၆ရက်က မရမ်းကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရည်ညွှန်းစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအေးကို (မောင်အေးကို-ယမုံနာ)က အမှာစကားပြောကြားပြီး ညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသော ဥက္ကဋ္ဌ ဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)နှင့် နာယက ဦးကျော်စိုး (မောင်ကျေးဖူး)တို့က ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာရေးရန်ပုံငွေ ထူထောင်ပြီးဖြစ်၍ ပညာရေးရန်ပုံငွေထူထောင်ရန် တင်ပြရာ အမှုဆောင် ဦးတင်မြင့် (အိုချစ်ရာ ဦးတင်မြင့်)က ရန်ပုံငွေထည့်ဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။

(၅၆၁)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၅။	မျိုးချစ်တပ်မတော်
၄း၄၅	၆။	စိုက်ပျိုးသုတ
၄း၅၅	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀	၈။	ဗွီစီဒီကျော်ကြားတေးများ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၂။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၃။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရင်နှစ်သည်းချာ (အပိုင်း-၃၇)**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မေးမြန်းစူးစမ်း
	၁၉။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) ဂျပန်နှင့် ကင်မရွန်း**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

၁၅-၆-၂၀၁၀ (အင်္ဂါနေ့)

၁း၀၀	၁။	**၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (Live) အီတလီ နှင့် ပါရာဂွေး**

☆ကျောဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း၏ ညောင်ဦးမြို့နယ် လက်ပန်ခြေပေါ်ဘက်ကမ်းရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေး စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က တာဝန်ယူတည်ဆောက်နေမှု၊ တံတားတည်ဆောက်ပြီးစီးပါက စုစုပေါင်း တံတားအရှည် ၁၉၄၅၇ ပေခန့် ရှိလာမည်ဖြစ်၍ မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် အသစ်ပေါ်ထွန်းလာမည့် အခြေအနေ၊ အိန္ဒိယ- မြန်မာ-ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီး (India -Myanmar -Thai Tripartite Highway) ပေါ်ထွန်းလာပါက တံတားကြီးသည် အဆိုပါလမ်းမကြီးပေါ်၌ တည်ရှိနေမည့် အခြေအနေ၊ စီမံကိန်းဆောင်ရွက်ရာတွင် အထူးစီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့(၃)က လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်း သုံးနေရာစလုံး၌ နေ့ညမနား တစ်ပြိုင်တည်း တည်ဆောက်နေမှု၊ တံတားအူကြောင်း ရှာဖွေတိုင်းတာခဲ့မှု၊ တံတားတည်နေရာ၊ တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများ၊ တံတားတည်ဆောက်ရာတွင် ပင်မတံတား အောက်ခြေထည်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတားအပေါ်ထည် တည်ဆောက်ခြင်းလုပ်ငန်းဟူ၍ နှစ်ပိုင်းခွဲခြားဆောင်ရွက်နေမှု၊ ပင်မတံတားအောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းတစ်ခုလုံး၏ ၄၁ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လုပ်ငန်းလျာထားချက်များဖြစ်သည့် ပင်မတံတားဘိုးပိုင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတားတိုင်ကိုယ်ထည်များ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ တံတားရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းစီမံချက်နှင့် တိုးတက်မှုအခြေအနေ၊ ရန်ပုံငွေ၊ စက်၊ ယာဉ်၊ ယန္တရားနှင့် တည်ဆောက်ရေးပစ္စည်းများရရှိမှုနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ တည်ဆောက်ဆဲ ဧရာဝတီမြစ်ကူးတံတားကြီး ငါးစင်းဖြစ်သည့် စင်းခန်းတံတား၊ ပခုက္ကူတံတား၊ မလွန်တံတား၊ ညောင်တုန်းတံတားနှင့် ရတနာသိင်္ဃတံတားတို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတံတား(ပခုက္ကူ)၏ ရထားချဉ်းကပ်လမ်းများကို ကမ်းနှစ်ဖက်လုံးတွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေမှု၊ တံတားတည်ဆောက်ပြီးစီးသည်နှင့် တစ်ပြိုင်တည်း ရထားဖြတ်သန်းသွားလာနိုင်အောင် စီမံဆောင်ရွက်နေမှု၊ ဧရာဝတီတံတား(စင်းခန်း)တွင် ရထားချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ မြေကြီးလုပ်ငန်းအားလုံး တည်ဆောက်ပြီးစီးမှုနှင့် ရထားသံလမ်းခင်းရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီ၊ ဘိလပ်မြေ စသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို အလေအလွင့်မရှိအောင် စနစ်တကျ ထိန်းသိမ်းသုံးစွဲသွားရန်၊ မိမိတို့တွင် တံတားတည်ဆောက်ရေး အတွေ့အကြုံများစွာ ရရှိထားပြီးဖြစ်၍ နိုင်ငံတော်စီမံကိန်းကြီးများဖြစ်သည့် တံတားကြီး/ ငယ်များကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက်သွားရန်၊ ဤတံတားကြီးများသည် လုပ်ငန်းပမာဏရော ငွေကြေးပမာဏအရပါ ကြီးမားများပြားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ အမှားအယွင်းမရှိအောင် အထူးဂရုပြုဆောင်ရွက်သွားကြရန်၊ ရာသီဥတုနှင့် မြစ်ရေအခြေအနေအပေါ် မူတည်၍ ဦးစားပေးဆောင်ရွက်သင့်သော လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊ အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကို ဟန်ချက်ညီမျှစွာ ဆောင်ရွက်ရင်း အကောင်းဆုံးရလဒ် ရရှိအောင် လုပ်ဆောင်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်ရှုရပ်မှနေ၍ ဧရာဝတီမြစ်အတွင်းနှင့် ကမ်းနှစ်ဖက်တို့၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ပန်ခြေပေါ်ဘက်ကမ်း၌ တံတားချဉ်းကပ်လမ်းဖောက်လုပ်ရန် လျာထားဆောင်ရွက်နေမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဧရာဝတီတံတား(ပခုက္ကူ)ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ရထားလမ်းနှင့် ကားလမ်းပါရှိမည့် တံတားကြီးဖြစ်သည်။ ကားလမ်းတံတားအရှည် ၁၃၄၆၅ ပေနှင့် ရထားလမ်းတံတား အရှည် ၁၉၄၅၇ ပေရှိမည် ဖြစ်သည်။ ပင်မတံတားအရှည်မှာ ၁၁၄၃၁ ပေရှိမည်ဖြစ်ပြီး တံတားပေါ်တွင် အကျယ် ၂၈ ပေရှိ နှစ်လမ်းသွားကားလမ်း၊ အကျယ် ၁၄ ပေရှိ ရထားလမ်းနှင့် တစ်ဖက်လျှင် အကျယ် သုံးပေ၊ သုံးလက်မစီရှိမည့် လူသွားလမ်းတို့ပါရှိမည်ဖြစ်သည်။ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစား ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတားကြီးကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များ ဝန်ကြီး ဦးလွန်းသိ ကြည့်ရှုစစ်ဆေးအားပေး

ရန်ကုန် ဇွန် ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိသည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ပေါ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးထားသော စက်သုံးဆီအရောင်းဆိုင်များအနက် အင်းစိန်မြို့နယ် ရန်ကုန်-ပြည်လမ်းမကြီးပေါ်ရှိ မြဝတီစက်သုံးဆီ အရောင်းဆိုင် ဆိုင်အမှတ်(၀၀၁)နှင့် စမ်းချောင်းမြို့နယ် ဗဟိုလမ်းနှင့် ဗားကရာလမ်းထောင့်ရှိ New Day စက်သုံးဆီအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးသည် စက်သုံးဆီ လာရောက်ဝယ်ယူကြသော မော်တော်ယာဉ်ပိုင်ရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး စက်သုံးဆီဝယ်ယူမှု အဆင်ပြေမှုရှိ၊ မရှိ မေးမြန်းကာ ပုဂ္ဂလိကအရောင်းဆိုင်တာဝန်ခံများအား လုပ်ငန်းခွင်အခက်အခဲများ ရှိ၊ မရှိ မေးမြန်း၍ လိုအပ်သည်များ ကူညီပံ့ပိုးညှိနှိုင်းဆောင်ရွက်ပေးသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအောက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် စက်သုံးဆီအရောင်းဆိုင် ၂၆၁ ဆိုင်အား ဇွန် ၁၀ ရက်မှစတင်၍ ပုဂ္ဂလိကပိုင် စက်သုံးဆီ အရောင်းဆိုင်များအဖြစ် ပြောင်းလဲလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ပြည်သူတို့အနေဖြင့် မိမိတို့နှစ်သက်ရာ စက်သုံးဆီ အရောင်းဆိုင်များတွင် လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသိ အင်းစိန်မြို့နယ် ရန်ကုန်-ပြည် လမ်းမကြီးပေါ်ရှိ မြဝတီစက်သုံးဆီအရောင်းဆိုင် ဆိုင်အမှတ် (၀၀၁)တွင် စက်သုံးဆီ လာရောက်ဝယ်ယူနေသော မော်တော်ယာဉ်ပိုင်ရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

ဇွန် ၈ ရက်က ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အဖွဲ့ဝင်များက အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် အမှတ်(၂) ရပ်ကွက် (၂၆) လမ်းနေ ကျန်းမာရေးချို့တဲ့သူ ဒေါ်မြင့်မြင့်အား ဆေးဝါးနှင့်အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

ITE လုပ်ငန်းခွင်အကြို သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီနှင့် သင်တန်းကျောင်းက ဖွင့်လှစ်သော ITE လုပ်ငန်းခွင်အကြို သင်တန်းဆင်း အောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာက သုခစုစံကုမ္ပဏီနှင့် ITE လုပ်ငန်းခွင်အကြိုသင်တန်းတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ သုခမ္မသီဂီ ဒေါ်ဥမ္မာမြင့်က ၂၀၁၀ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့သည့် ITE သင်တန်းအပတ်စဉ်(၃)မှ သင်တန်းသား၊ သင်တန်းသူများအား အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ITE သင်တန်းသည် လက်တွေ့လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် အခက်အခဲမရှိစေရန်အတွက် အခြေခံအကျဆုံး အဓိကလိုအပ်ချက်များကို စနစ်တကျ သင်ကြားပေးလျက်ရှိသည့် သင်တန်းဖြစ်ကြောင်း၊ သုခစုစံ သင်တန်းကျောင်း၌ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် နိုင်ငံတကာ အတွေ့အကြုံရင့်ကျက်သောဆရာများ၊ အင်တာဗျူး အတွေ့အကြုံရင့်ကျက်သော ဆရာများက ပြည်ပလုပ်ငန်းခွင်များတွင် အဆင်ပြေစွာ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် စနစ်တကျ ကြပ်မတ်၍ ပို့ချလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် (၇၇) ပန်းဆိုးတန်းအောက်လမ်း ကျောက်တံတားမြို့နယ်နှင့် အမှတ် (၁၁၅) မြနန္ဒာလမ်း သာကေတ စက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၂၂၃၃၊ ၃၈၅၇၅၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သုခစုစံပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးချမ်းသာ ITE လုပ်ငန်းခွင်အကြို သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဒလမြို့နယ် စီမံကိန်းတာဝန် ပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ၂၀၁၀-၂၀၁၁ စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ ဒုတိယဦးစီးမှူး ဦးစိုးစိုးအောင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး(မြို့နယ်စီမံကိန်းရုံး ဦးစီးအရာရှိ)ဦးခင်မောင်ဝင်း**(ဝဲပုံ)**က ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ခြင်းကို ရှင်းလင်းတင်ပြပြီး ဥက္ကဋ္ဌက စီမံကိန်း တာဝန်ပေးအပ်လွှာများကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(မြို့နယ်စာနယ်ဇင်း)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အာဖဂန်နစ္စတန်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ကန်ဒုဟ်(အာဖဂန်နစ္စတန်) ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ကန်ဒုဟ်ပြည်နယ်တွင် စစ်သွေးကြွများ ထောင်ထားသော လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သံချပ်ကာယာဉ်တစ်စီးတွင် လိုက်ပါလာသော အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးကြောင်း တာလီဘန် စစ်သွေးကြွများက စနေနေ့တွင် အတည်ပြု ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ကန်ဒုဟ်မြို့ပြင် ဇာခေးလ်ဒေသ၌ စနေနေ့ မွန်းလွဲ ၂နာရီ ၁၅ မိနစ်က ဖြစ်ပွားခဲ့ပြီး သေဆုံးသူအားလုံးသည် အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု ၎င်းကဆိုသည်။

ဖြစ်ပွားမှု

ကန်ဒုဟ်မြို့ရှိ အာဖဂန်တာဝန်ရှိသူများနှင့် နေတိုးတပ်ဖွဲ့ဝင်များက ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဝေဖန်ပြော ကြားခြင်း မရှိချေ။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၁၃ ရက်တွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများကြောင့် ထွက်ပေါ်လာသော မီးခိုးလုံးကြီးများကို ဘဂ္ဂဒက်မြို့လယ် ကောင်းကင်ယံ၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကဘူး ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဇွန် ၁၂ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယမန်နေ့နံနက်ပိုင်းက ခါကရစ်ခရိုင် ဆိုင်ရာဆန်ကျေးရွာ၌ ရဲကားတစ်စီးအား စစ်သွေးကြွများက လမ်းဘေးဗုံး ဖောက်ခွဲ တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း ခါကရစ်ခရိုင် အုပ်ချုပ်ရေးမှူးက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။

ယင်းဒေသမှ ဗုံးလေးလုံး ထပ်မံတွေ့ရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းဖယ်ရှားခဲ့ကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ သီးခြားတိုက်ခိုက်မှုအဖြစ် စနေနေ့နံနက်ပိုင်းကလည်း ကန်ဒါဟာပြည်နယ် ကန်ဒါဟာမြို့တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား စစ်သွေးကြွများက ပစ်သတ်ခဲ့ကြောင်း တာလီဘန် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အတည်ပြု ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်ပိုင်နက်ကို အီရန်တပ်ဖွဲ့များ ကျူးကျော်သည်ဆိုမှု ခိုင်မာသော သက်သေအထောက်အထားမရှိဟုဆို

ဝါရှင်တန် ဇွန် ၁၃

အီရန်တပ်ဖွဲ့ဝင်များသည် ကာ့ဒ်သူပုန်များကို နယ်စပ်ဖြတ်ကျော်လိုက်လံချေမှုန်းပြီးနောက် အီရတ်နိုင်ငံပိုင်နက်အတွင်း ခံတပ်ငယ်တစ်ခုတည်ဆောက်ထားသည်ဆိုသောသတင်းကို မှန်ကန်ကြောင်းလက်ဆုပ်လက်ကိုင်ပြရန် အထောက်အထားမရှိဟု အမေရိကန်စစ်ဘက်က ကြာသပတေးနေ့တွင် သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံ၏ ပိုင်နက်နယ်မြေဖြစ်သော ပါဒူနက်ဇ်နယ်စပ်ဒေသအနီးတွင် အီရန်တပ်ဖွဲ့ဝင် ၃၅ ဦးခန့် တပ်စွဲထားဆဲဖြစ်ပြီး တောင်ကုန်းတစ်ခုပေါ်တွင် ခံတပ်အဆောက်အအုံငယ်တစ်ခု တည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း ကာဒစ်ဒေသန္တရ အစိုးရပြောရေးဆိုခွင့်ရှိသူက သတင်းစာတစ်စောင်သို့ ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

အီရတ်ပိုင်နက်အတွင်း အီရန်က ခံတပ်အဆောက်အအုံတစ်ခု တည်ဆောက်ထားသည်ဆိုသည့် သတင်းသည် ခိုင်လုံသော သက်သေအထောက်အထား မရှိကြောင်း၊ ယင်းအပြင် အီရန်တပ်ဖွဲ့ဝင်များ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည် ဆိုခြင်းမှာလည်း လက်ဆုပ်လက်ကိုင်မပြနိုင်ကြောင်း အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ ထိပ်တန်းစစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

ယူရီဘာရော့စကီး အသုံးပြုခဲ့သော မိုက်ကယ်ဘိုဒင်ဟီမာအမည်ရှိ ဂျာမန်နိုင်ငံကူးလက်မှတ်အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဒူဘိုင်းလူသတ်မှုတွင် ပတ်သက်နေသူ ပိုလန်ရဲတပ်ဖွဲ့ ဖမ်းဆီး

ဘာလင် ဇွန် ၁၃

ဂျာမနီအစိုးရ၏မေတ္တာရပ်ခံချက်အရ ပိုလန်အာဏာပိုင်များသည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ဟားမားစ်တပ်မှူးတစ်ဦးကို လုပ်ကြံရာ၌ အခန်းကဏ္ဍတစ်ရပ်မှပါဝင်ခဲ့သော မော့ဆက်ထောက်လှမ်းရေးသမားဟု ယူဆရသူတစ်ဦးအား ဖမ်းဆီးခဲ့သည်ဟု ဂျာမန်အစိုးရရှေ့နေများက စနေနေ့တွင် ပြောကြားသည်။

ဂျာမန်နိုင်ငံကူးလက်မှတ်တစ်ခုကို တရားမဝင်ရယူခဲ့ရာတွင် ပါဝင်ကူညီခဲ့သူဟု သံသယရှိသူတစ်ဦးကို ပိုလန်နိုင်ငံ ဝါဆောမြို့တွင် ဖမ်းဆီးခဲ့ကြောင်း ဗဟိုအစိုးရရှေ့နေများ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြား၍ ဂျာမန်မဂ္ဂဇင်း ဒါးစပီဂဲလ်ပါသတင်းကို အတည်ပြုသည်။

ဇွန်လ ၇ ရက်တွင် ထုတ်ဝေသော ယင်းမဂ္ဂဇင်းပါဆောင်းပါးအရ ယူရီဘာရော့စကီးအမည်ရှိ အဆိုပါ သံသယရှိသူကို ဝါဆောလေဆိပ်၌ ဇွန်လစောစောပိုင်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ် ဇွန်လအတွင်းက လူသတ်သမားအဖွဲ့က ဂျာမန်နိုင်ငံကူးလက်မှတ်တစ်စောင်ကို ရယူခဲ့ကြရာတွင် ၎င်းက ကူညီဆောင်ရွက်ခဲ့သည်ဟု သံသယရှိနေသည်။

ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ထားသော ဟားမားစ်လှုပ်ရှားမှုအဖွဲ့၏ လက်နက်ကိုင်တပ်ဖွဲ့ကို ထူထောင်သူ မာမွတ်အယ်လ်မာဟွတ်သည် ၂၀၁၀ဇန်နဝါရီလအတွင်းက ဒူဘိုင်းလေဆိပ် အနီး အယ်လ်ဘတ်စ်တန် ဂိုတာနား ဟိုတယ်၏ အခန်းတစ်ခုအတွင်း လုပ်ကြံခံခဲ့ရသည်။

ဗြိတိသျှနိုင်ငံကူးလက်မှတ် ၁၂ စောင်၊ အိုင်းရစ် ခြောက်စောင်၊ ဂျာမနီ တစ်စောင်၊ ဩစတြေးလျ သုံးစောင်တို့ကို ကိုင်ဆောင်အသုံးပြုခဲ့သူများသည် ဟားမားစ်တပ်မှူး လုပ်ကြံခံရမှုနှင့် ဆက်နွှယ်လျက်ရှိသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား လူ ၁၂ ဦး သေဆုံး၍ ၂၅ ဦးထက်မနည်း ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အီရတ်ဗဟိုဘဏ်အနီးတွင် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ လူ ၁၂ ဦး သေဆုံးပြီး ၂၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။

အီရတ်ပြည်ထဲရေး ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏အဆိုအရ အဆိုပါ ပေါက်ကွဲမှုများသည် လမ်းဘေးဗုံး ပေါက်ကွဲမှုများဖြစ်ပြီး အီရတ်ဗဟိုဘဏ် ဝန်ထမ်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုများသည် တနင်္ဂနွေနေ့ နေ့လယ်ပိုင်းတွင် ဖြစ်ပွားခဲ့ပြီး ရှစ်မိနစ်ကျော် အချိန်ကာလအတွင်း ဆက်တိုက် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုများမှ ထွက်ပေါ်လာသော မီးခိုးလုံးကြီးများကို ဘဂ္ဂဒက်မြို့လယ် ကောင်းကင်ယံတွင် တွေ့မြင်နေရကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ဂျီးရီးယားအကူအညီ ဂါဇာသို့ပို့ရေး အီဂျစ်ငြင်းပယ်

ကိုင်ရို ဇွန် ၁၃

အစ္စရေးအစိုးရက သုံးနှစ်ကြာ ပိတ်ဆို့ထားသဖြင့် ကြီးမားစွာ ဒုက္ခခံစားနေရသော ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ အယ်လ်ဂျီးရီးယား၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တင်ဆောင်ထားသည့် မော်တော်ယာဉ်တန်းအား ဝင်ခွင့်ပြုရန် အီဂျစ်အာဏာပိုင်များက ငြင်းဆိုလျက်ရှိသည်။

ဆေးဝါးခုနစ်တန်၊ နို့မှုန့်နှစ်တန် တင်ဆောင်လာသောသင်္ဘောသည် အီဂျစ်နိုင်ငံ အယ်လ်အရစ်ရှ် ပင်လယ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည်။

အယ်လ်ဂျီးရီးယား လွှတ်တော်အမတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်များအပါအဝင် သင်္ဘောပေါ်၌ လိုက်ပါလာသည့် လူ ၁၅ ဦးသည် ဂါဇာကမ်းမြောင်ဒေသပိတ်ဆို့ခံထားရမှုကို ပြန်ဖွင့်နိုင်မည့် နည်းလမ်းများအား ရှာဖွေလျက်ရှိသည်။

အယ်လ်ဂျီးရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီဂျစ်အစိုးရတို့သည် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ သဘောတူညီမှု ရယူထားပြီးဖြစ်သော်လည်း အီဂျစ်တာဝန်ရှိသူများက ထောက်ပံ့ရေးယာဉ်တန်းကို တားဆီးထားသည်ဟု အယ်လ်ဂျီးရီးယား နေ့စဉ်သတင်းစာ အယ်လ်ခါဘာက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီဂျစ်နိုင်ငံရှိ ရာဖာနယ်စပ်စခန်းအား ဖြတ်သန်းရန် စောင့်ဆိုင်းနေသော ပါလက်စတိုင်းများနှင့် လူနာတင်ယာဉ်တို့အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားနိုင်ငံသားများ အရက်နှင့် ဆေးလိပ်သောက်ခြင်း ဖြတ်စေလို

ကာရာကတ်(စ်) ဇွန် ၁၃

သမ္မတ ဟူဂိုချားဗက်(ဇ်)သည် ဗင်နီဇွဲလားနိုင်ငံသားများအားလုံး အရက်အလွန်အကြူးသောက်ခြင်းကို စွန့်လွှတ်စေလိုကြောင်း စနေနေ့တွင် ပြောကြားသည်။

တရားဝင် ရောင်းချချိန်ကို ကျော်လွန်ရောင်းချမှုနှင့် လမ်းများပေါ်၌ ဘီယာရောင်းချမှုများကို တွေ့ရှိပါက နှိမ်နင်းရန် စစ်ဘက်က အမိန့်ထုတ်ပြန်ထားသည်။

အစိုးရအဖွဲ့သည် အရက်နှင့် စီးကရက်အပေါ် အခွန်တိုးမြှင့်ကောက်ခံရန် စဉ်းစားနေသည်ဟု ချာဗက်(ဇ်)က ပြောသည်။

ဗင်နီဇွဲလားနိုင်ငံသားများသည် ဘီယာနှင့် စကော့ဝီစကီတို့အား ခုံမင်စွဲလမ်းနေခြင်းမှာ လက်ဝဲဝါဒီသမ္မတကြီးကို ဒေါသူပုန်ထစေခဲ့သည်။ လွန်ခဲ့သည့် သုံးနှစ်က အရက်နှင့်စီးကရက်ကို အခွန်ငွေများ တိုးမြှင့်ကောက်ခံခဲ့သည်။

သို့ရာတွင် အနည်းငယ်သာ ထိရောက်မှု ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့ တာလီဘန်များကို ထောက်ပံ့နေဟုဆို

အစ္စလာမ္မာဘတ် ဇွန် ၁၃

အမေရိကန်နိုင်ငံက တာလီဘန်များနှင့် အဆက်အသွယ်ဖြတ်တောက်ရန် ဖိအားပေးနေလင့်ကစား ပါကစ္စတန်နိုင်ငံ၏အဓိကထောက်လှမ်းရေးအဖွဲ့အစည်းတစ်ခုက တာလီဘန်များကို လက်နက်နှင့် ငွေကြေးထောက်ပံ့ပြီးလေ့ကျင့်မှုများ ပြုလုပ်ပေးနေကြောင်း တနင်္ဂနွေနေ့က ထုတ်ပြန်သည့် လေ့လာချက်အစီအရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာကြောင့် အမေရိကန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာမှုများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်။ အမေရိကန် အာဏာပိုင်များက တာလီဘန်အဖွဲ့ကို ချေမှုန်းနိုင်ရန် ပါကစ္စတန်၏ထောက်ပံ့ကူညီမှုကို အားထားခဲ့ကြပြီး စစ်ရေးအထောက်အပံ့အဖြစ် ဒေါ်လာဘီလီယံပေါင်းများစွာကို ပါကစ္စတန်နိုင်ငံအား ပံ့အောထောက်ပံ့ခဲ့သည်။

သို့ရာတွင် ပါကစ္စတန်ပြည်တွင်းထောက်လှမ်းရေးအေဂျင်စီ(အိုင်အက်စ်အိုင်)သည် တာလီဘန်များနှင့် ရင်းနှီးစွာဆက်ဆံနေဆဲဖြစ်ပြီး တာလီဘန်အဖွဲ့၏ ခေါင်းဆောင်ပိုင်း၌ပင် ပါဝင်မှုများရှိနေကြောင်း အစီရင်ခံစာက ဖော်ပြသည်။

အဆိုပါအစီရင်ခံစာကို အင်္ဂလန်နိုင်ငံ လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံကောလိပ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး တာလီဘန်တပ်မှူးများ၊ တာလီဘန်အရာရှိဟောင်းများ၊ ဥရောပသံတမန်များနှင့် အခြားသက်ဆိုင်ရာ ပုဂ္ဂိုလ်အများအပြားကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး ရေးသားပြုစုထားခြင်း ဖြစ်သည်။

အင်တာနက်။

နှမ်းစပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာရှိ ရက် ၉၀ မျိုးသန့် နှမ်းစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိတ္ထီလာမြို့ နို့စားနွားမွေးမြူရေးနှင့် နို့ဆီချက်စက်ရုံ၊ ဝမ်းတွင်းမြို့နယ် နှမ်းစပါးစိုက်ခင်းနှင့် ကျောက်ဆည်နှင့် မြင်းခြံခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မိတ္ထီလာမြို့တွင်းလမ်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိတ္ထီလာမြို့ ကျီကုန်းရပ်ကွက်ရှိ နို့စားနွားမွေးမြူရေးနှင့် နို့ဆီချက်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နွားမွေးမြူရေးခြံအတွင်း နွားများမွေးမြူထားရှိမှု၊ နို့ညှစ်စက်ဖြင့် နို့ညှစ်နေမှု ၊ နို့ဆီချက်စက်ရုံအတွင်း နို့ဆီချက်လုပ်နေမှုနှင့် ချက်လုပ်ပြီး နို့ဆီများအား ပုံးများဖြင့် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးခြံနှင့် နို့ဆီချက်စက်ရုံတို့ကို ကျန်းမာရေးစံနှုန်းညီညွတ်စေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်းအဖြစ် အမြဲသန့်ရှင်းစေရေး ဆောင်ရွက်ထားရှိရန်နှင့် လုပ်ငန်းလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဝမ်းတွင်းမြို့နယ် ကျားသေကန်ကျေးရွာရှိ တောင်သူတစ်ဦး၏ ရက် ၉၀ မျိုးသန့် နှမ်းစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇွန် ၁၀ ရက်တွင် တိုင်းမှူး လိုက်ပါလျက် တံတားဦး - မြို့သာ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး တံတားဦးမြို့နယ် ရေကမိုးကျေးရွာ၌ ပြုကန်ဆည်ရေဖြင့် ဒေသခံတောင်သူများ စုပေါင်းစိုက်ပျိုးထားသည့် ရွှေသွယ်ရင် နှမ်းစပါးစိုက်ခင်းနှင့် ပြွန်သုံးလက်ကြားမြောင်းများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများအား တွေ့ဆုံပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သီးထပ်စွမ်းအား မြင့်မားအောင် ကြိုးပမ်းစိုက်ပျိုးသွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံ - မြို့သာ - တံတားဦးလမ်းပိုင်း မိုင်တိုင်အမှတ် (၅၀၀/၃) ၌ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ငါန်းဇွန်မြို့ လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ငါန်းဇွန်မြို့ - ခြသေ့်လက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကာ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ငါန်းဇွန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး လူနာများအား အားပေးစကားပြောကြားကာ ဆေးစတိုနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ ရွာသစ်လျှပ်စစ်မြစ်ရေတင် လက်တံမြောင်းအတွင်း ရေဝင်ရောက်ရှိမှုအခြေအနေနှင့် လမ်းဘေးဝဲ/ယာရှိ နှမ်းစိုက်ခင်းများအား မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ရွာသစ်လျှပ်စစ်မြစ်ရေတင်သို့ ရောက်ရှိကာ (၃၀) ကျူ့စက်များဖြင့် ဧရာဝတီမြစ်မှ ရေငြိမ်ကန်အတွင်းသို့ စိုက်ပျိုးရေစုပ်တင်နေမှု၊ ပင်မမြောင်း၊ လက်တံမြောင်းတို့မှ စိုက်ပျိုးရေပို့လွှတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွာသစ် - ကုလားရွာ - မြောက်ရွာဘိုရွာ- တောင်ရွာဘိုရွာ- ဆီမီးခုံကျေးရွာချင်းဆက်လမ်းများကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီးရှိ ဆီမီးခုံ (၁) လျှပ်စစ်မြစ်ရေတင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ခရိုင်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က ဆီမီးခုံအပိုင်း(၁)နှင့် အပိုင်း (၂)လျှပ်စစ်မြစ်ရေတင်တို့မှ လက်ရှိစိုက်ပျိုးရေပေးဝေနေမှုနှင့် နွားထိုးကြီးမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားပြီး (၁၅)ကျူ့စက်များဖြင့် ဧရာဝတီမြစ်မှ စိုက်ပျိုးရေစုပ်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စာရင်းစစ်ချုပ်ရုံး စုပေါင်းသွေးလှူဒါန်းပွဲ စာရင်းစစ်ချုပ်ဦးလွန်းမောင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၃

စာရင်းစစ်ချုပ်ရုံး သွေးလှူရှင်များဦးဆောင်အဖွဲ့က ဦးဆောင်ကျင်းပသည့် စာရင်းစစ်ချုပ်ရုံး စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၈ရက်တွင် နေပြည်တော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ကျင်းပရာ စာရင်းစစ်ချုပ်ဦးလွန်းမောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့ တက်ရောက်အားပေးကြသည်။ **(ယာပုံ)** အဆိုပါ သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် စာရင်းစစ်ချုပ်ရုံးဝန်ထမ်း ၂၄ ဦးတို့က ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဝတ်ကုန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသ စာအုပ်စာစောင်များနှင့် ငွေလှူဒါန်း

ပုလော ဇွန် ၁၃

မြိတ်ခရိုင် ပုလောမြို့နယ် ပဝတ်ကုန်းကျေးရွာ ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၂၂ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အဆိုပါစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်းအောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သုတ ၂၀၊ ရသ ၃၀ ကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သုတ ၈၀၊ ရသ ၅၀ နှင့် ဂျာနယ် အစောင် ၁၅၀ ကိုလည်းကောင်း၊ ကျန်အလှူရှင်များမှ သုတ ၂၀ နှင့် ဂျာနယ် အစောင် ၁၀၀ကိုလည်းကောင်း၊အလှူရှင် သုံးဦးက အလှူငွေကျပ် ၇၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင်က လက်ခံရယူကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

Flight Attendant, Receptionist သင်တန်းအပတ်စဉ်သစ် ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတကာလေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်းအပတ်စဉ်(၂)ကို ဇွန်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

စနစ်တကျ

အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်းအသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇွန်လတတိယပတ်အတွင်း ဖွင့်လှစ် သင်ကြားပေးမည် ဖြစ်သည်။

စာရင်းပေးနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉၅၀၂၀၃၀၂ တို့သို့ စုံစမ်းဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

စေတနာသွေးသန့် အလှူရှင် မည်သူနည်း

သွေးသွင်းကုသမှုခံယူပြီး ပြန်လည်သတိရချိန်တွင် စေတနာသွေးလှူရှင် မည်သူနည်းဆိုသည်ကို မသိလိုက်ရသည့်အတွက် အသက်သခင် ကျေးဇူးရှင်အား ကျေးဇူးတင်ခွင့်မရရှိနိုင်သော၊ မိမိ၏သွေးဖြင့် အသက်ဆက်ရှင်သန်ခွင့်ရသူ မည်သူနည်းဆိုသည်ကို သိရှိခွင့်မရနိုင်သော အလှူဒါနမှာ သွေးလှူဒါန်းခြင်းပင်ဖြစ်သည်။ သွေးလှူဒါန်းခြင်းသည် အသက်ရှင်သန်ရေးအတွက် ကိုယ်တွင်းမှ အသွေးအသားကို ထုတ်ပေးသည့် ဇီဝိတဒါနဖြစ်သည့်အတွက် လူတိုင်းမပြုလုပ်နိုင်သည့် မွန်မြတ်သော အလှူတစ်ခုပင်ဖြစ်သည်။

ထိုသို့ အသက်ရှင်သန်ရေးအတွက် အဖိုးတန်သောလက်ဆောင်ကို ပေးခဲ့ကြသည့် သန်းပေါင်းများစွာသော လူသားများအား ကျေးဇူးတင်ခွင့်ရရှိရေးကို ရည်ရွယ်ကာ နိုင်ငံတကာပါဝင်နိုင်သည့် အထိမ်းအမှတ်နေ့တစ်နေ့ကို သတ်မှတ်ခဲ့ကြသည်။ ယင်းနေ့မှာ အေ၊ ဘီ၊ အို သွေးအုပ်စုတို့ကို ရှာဖွေတွေ့ရှိခဲ့သူ ကားလန်စတိန်နား (Karl Landsteiner) ၏ မွေးနေ့ဖြစ်သော ဇွန်လ ၁၄ ရက်နေ့ဖြစ်သည်။ ကမ္ဘာ့သွေးလှူရှင်များနေ့ World Blood Donor Day ဟု သတ်မှတ်ခဲ့ကြသည်။

၁၉၇၅ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံက အဖွဲ့ဝင်နိုင်ငံများအား "စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှုကို အခြေခံ၍ မိမိတို့နိုင်ငံများတွင် နိုင်ငံတော်အဆင့် သွေးဝန်ဆောင်မှု လုပ်ငန်းများ တည်ထောင်ကြရန်" တိုက်တွန်းခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာ့တစ်ဝန်းရှိ နိုင်ငံများသည် ဘေးအန္တရာယ်ကင်းရှင်း၍ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရေရှည်သွေးများ ဖြည့်ဆည်းပေးနိုင်ရေးဟူသော ရည်မှန်းချက် ပန်းတိုင်ထားကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ကမ္ဘာ့သွေးလှူရှင်များနေ့သည် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော Blood Safe Live, Safe Blood Start with Me ကို အခြေပြုကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

စည်းရုံးလှုံ့ဆော်ခဲ့ကြသည့် အဖွဲ့အစည်းများမှာ ၁၉၂ နိုင်ငံပါဝင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၊ ၁၈၆ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ စေတနာသွေးလှူရှင်အဖွဲ့ ၅၀ ပါဝင်ဖွဲ့စည်းထားသော နိုင်ငံတကာ သွေးလှူရှင်အသင်းများအဖွဲ့ချုပ် (IFBDO) နှင့် နိုင်ငံတကာ သွေးသွင်းကုသမှုဆိုင်ရာအဖွဲ့ (ISBT) တို့ ဖြစ်သည်။ ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ခြင်းသည် နိုင်ငံအသီးသီးတွင် မိမိတို့သတ်မှတ်ထားရှိပြီးသော အမျိုးသားသွေးလှူရှင်များနေ့ကို အစားထိုးရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အထူးအခွင့်အလမ်းတစ်ရပ်အဖြစ် စည်းရုံးညီညွတ်မှုကို အထောက်အကူဖြစ်စေသည့် နိုင်ငံတကာ ပါဝင်ဆင်နွှဲသောနေ့အဖြစ် ရည်ရွယ်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၄ ခုနှစ်မှ စတင်ကာ နိုင်ငံအသီးသီးတွင် ကျင်းပလာခဲ့ကြသည်။

ထိုသို့ ကျင်းပရာတွင် နှစ်စဉ်အကြောင်းအရာတစ်ရပ်ကို သတ်မှတ်ဦးတည်ကာ ကျင်းပကြသည်။ ၂၀၀၄ ခုနှစ်တွင် လူငယ်များသွေးလှူဒါန်းလာရေး၊ ၂၀၀၅ ခုနှစ်တွင် သွေးလက်ခံသူ/လူနာများက သွေးလှူရှင်များကို ကျေးဇူးတုံ့ပြန်ရေး၊ ၂၀၀၆ ခုနှစ်တွင် လူထု၏အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး၊ ၂၀၀၇ ခုနှစ်တွင် မိခင်လောင်းများအတွက် သွေးသန့်ရရှိရေး၊ ၂၀၀၈ ခုနှစ်တွင် အန္တရာယ်ကင်းသောသွေး ပေးကူနိုင်ရန် ပုံမှန်သွေးလှူဒါန်းရေး၊ ၂၀၀၉ ခုနှစ်တွင် သွေးနှင့်သွေးအစိတ်အပိုင်းများကို အခကြေးငွေမယူသော စေတနာသွေးလှူရှင်များထံမှ ရာနှုန်းပြည့်ရရှိရေး၊ ၂၀၁၀ ခုနှစ် (ယခုနှစ်)တွင် လူငယ်များအား သွေးလှူဒါန်းလာရေးနှင့် သွေးလှူရှင် စည်းရုံးရေးတွင် ပါဝင်လာစေရေးကို ဦးတည်ချက်ထားကာ ကျင်းပကြရန် သတ်မှတ်ထားပါသည်။

တက္ကသိုလ်ဇော်ထူးဦး

ကမ္ဘာ့နေရာအနှံ့အပြားတွင် သွေးမလုံလောက်မှုကြောင့် နာမကျန်းဖြစ်မှု၊ သေဆုံးမှုများမှာ မဖြစ်သင့်ဘဲ ဖြစ်ပေါ်လျက်ရှိနေသည်။ အရေးပေါ်သွေးပြတ်လပ်မှုရှိသည့်အခါတွင် ပုံမှန်သွေးလှူရှင်များကို ပိုမိုလိုအပ်နေသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်သည်။ စေတနာ သွေးသန့်အလှူရှင်များသည် သွေးနှင့်သွေးမှထုတ်ယူသော ပစ္စည်းများကို အဖိုးအခမယူဘဲ စေတနာအလျောက် လိုအပ်သည့်လူနာများအတွက် လှူဒါန်းမည်ဆိုသည့် ယုံကြည်ချက်ဖြင့် လှူဒါန်းရန်ဖြစ်သည်။ အခကြေးငွေမယူသော စေတနာသွေးလှူရှင်များသည် လုံလောက်သော သွေးသန့်ရရှိရေးအတွက် အဓိကလူသားများဖြစ်သည်။ စေတနာသွေးလှူရှင်များသည် မိမိသဘောဆန္ဒဖြင့် မည်သည့်တိုက်တွန်းမှု၊ ဖိအားပေးမှု၊ စေခိုင်းမှုမပါရှိဘဲ လှူဒါန်းသူများဖြစ်သည်။ မည်သည့်လူနာအတွက်ဟု မရည်ရွယ်ဘဲ၊ လိုအပ်သလိုသုံးစွဲရန် လှူဒါန်းခြင်းဖြစ်သည်ဟု ယုံကြည်ချက်ထားသူများ ဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပသော အခမ်းအနားဖြစ်ပြီး စေတနာသွေးလှူရှင်များကို ဂုဏ်ပြုခြင်း၊ ကျေးဇူးတင်ခြင်းကို ဖော်ဆောင်သော အခမ်းအနားဖြစ်သည်။ ဤနေ့ရက်သည် စဉ်ဆက်မပြတ် သွေးသန့်ရရှိနိုင်ရေးအတွက် ခိုင်မာသောအုတ်မြစ်ချပြီး သွေးပေးလှူနေကြသော သွေးလှူရှင်များကို မှတ်တမ်းတင်ဂုဏ်ပြုသည့် နေ့လည်းဖြစ်သည်။ စေတနာဖြင့် ငွေကြေးမယူ သွေးလှူဒါန်းရခြင်း၏ အရေးကြီးပုံကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ကျန်းမာရေးနှင့် ပြည့်စုံသောသွေးလှူရှင်များအား ပုံမှန်သွေးလှူရှင်များ ဖြစ်လာစေရန်၊ အများပြည်သူများကိုသွေးလှူဒါန်းလာရေး တိုက်တွန်းရန်၊ အထူးသဖြင့် မိမိ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများအတွက် အရေးပေါ်သွေးပေးလှူနေသူများကို စည်းရုံးတိုက်တွန်းနိုးဆော်ရန်ဖြစ်သည်။

စိတ်ချရသောသွေးလှူရှင်ဆိုသည်မှာ လှူဒါန်းသောသွေးမှ ရောဂါပြန့်ပွားမှု အန္တရာယ်နည်းပါးသော သွေးလှူရှင်ကို ခေါ်ပါသည်။

စေတနာသွေးလှူရှင်ဆိုသည်မှာ သွေးသို့မဟုတ် သွေးအစိတ်အပိုင်းများကို မိမိ၏သဘောဆန္ဒအလျောက်ပေးလှူပြီး ထိုသို့ပေးလှူသည့်အတွက် ငွေသားဖြစ်စေ၊ ငွေကြေးအစားထိုးဟု ယူဆနိုင်သော ပစ္စည်းဖြစ်စေ၊ တစ်စုံတစ်ရာ အခကြေးငွေဖြစ်စေ မရရှိသော သွေးလှူရှင်ကို ခေါ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အခကြေးငွေမယူဘဲ စေတနာအလျောက် သွေးလှူဒါန်းမှုကို အားပေးဆောင်ရွက်လျက်ရှိသည်။ ၂၀၀၂ ခုနှစ်က ၃၉ နိုင်ငံတွင် ရာနှုန်းပြည့် စေတနာသွေးလှူဒါန်းမှုရှိခဲ့ပြီး ယနေ့အချိန်အခါတွင် နိုင်ငံ ၅၇ နိုင်ငံ၌ ရာနှုန်းပြည့် စေတနာသွေးလှူဒါန်းမှု ရှိနေပြီး ဖြစ်ကြောင်း သိရသည်။

သွေးလှူရှင်တိုင်းသည် စေတနာသွေးသန့်အလှူရှင် မဖြစ်နိုင်ပါ။ သွေးသန့်အလှူရှင်ဖြစ်ရန်မှာ ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါများနှင့် အန္တရာယ်ရှိသော အပြုအမူများကင်းသူဖြစ်ရမည်။ လက်ရှိအနေအထားတွင် ပုံမှန်သွေးလှူရှင်များသည် စိတ်ချရသော သွေးလှူရှင်များအဖြစ် သတ်မှတ်၍ရသည်။ ယနေ့ထက်တိုင် ကမ္ဘာပေါ်တွင် အတုပြုလုပ်၍ မရနိုင်သေးသော ပစ္စည်းများအနက် သွေးသည် ထိပ်ဆုံးမှပါဝင်နေဆဲဖြစ်သည်။ သို့ဖြစ်၍ စစ်မှန်သောသွေးရရှိရေးနှင့် စေတနာသွေးသန့် အလှူရှင်များ တိုးပွားရေးကို ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

NEW BLOOD FOR THE WORLD

၂၀၁၀ ခုနှစ် ဇွန်လ ၁၄ ရက်

ကျိုက်လတ်မြို့နယ် ထွေ/အုပ် ဝန်ထမ်း သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

ကျိုက်လတ် ဇွန် ၁၃

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသား၊ သမီးများ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်က ကျောင်းသား၊ ကျောင်းသူ အထက်တန်း ရှစ်ဦး၊ အလယ်တန်း ၁၁ ဦး၊ မူလတန်း ၂၃ ဦး စုစုပေါင်း ၄၂ ဦးတို့အား ငွေကျပ် ၂၅၄၅၀၀ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ထွေအုပ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ရတနသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ငါတို့ဆရာ ငါတို့သာသနာ" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၆)**
- ၈း၃၀ Sports World (Contender France)
- ၈း၅၅ Activities In The City (ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သော သွေးလှူဒါန်းပွဲ)
- ၉း၁၅ နိဗ္ဗာန်အကျိုးသို့မျှော်. . . လှူဒါန်းနိုင်စေသော်ဝ်
- ၉း၃၅ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၁၀း၂၅ ဂီတသံစဉ်များနှင့် မိုးယံည
- ၁၀း၄၅ International Show Biz
- ၁၁း၀၀ Praram 9 Hospital (အပိုင်း-၄)
- ၁၁း၂၅ သောတ္တိသေနာသမ္မုလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၂း၁၅ စာအုပ်ပြခန်း (ရန်ကုန်ခရီးသွားဂျာနယ်)
- ၁၂း၃၀ "လူငယ်အများသွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်" (ဒေါက်တာခင်မောင်လွင်၊ ပါမောက္ခဒေါက်တာနေဝင်း)
- ၁း၀၀ "ငါတို့ဆရာ ငါတို့သာသနာ" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူလွင်ရဲ့ ဦးဆုံးအစဘဝအလှ)
- ၃း၀၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် (လူရွှင်တော်လည်းလူသားပါ) (အောင်သော်၊ မျောက်ရှုံ၊ စံလင်း၊ ကြာစိ၊ ကျင်ဝှက်၊ ခါလေး) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၃း၂၀ အလှတွင်အယဉ်ဆင့် ထူးခြားတဲ့ချိတ်အဆင်
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၆)**
- ၄း၀၅ Activities In The City (ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကဦးဆောင်သော သွေးလှူဒါန်းပွဲ)
- ၄း၂၅ Praram 9 Hospital (အပိုင်း-၄)
- ၄း၄၅ နိဗ္ဗာန်အကျိုးသို့မျှော်. . . လှူဒါန်းနိုင်စေသော်ဝ်
- ၅း၀၅ ဂီတသံစဉ်များနှင့် မိုးယံည
- ၅း၂၀ Road To Highest Competition (North Korea)
- ၅း၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ International Show Biz
- ၆း၃၅ အနုပညာမိုးကောင်းကင်
- ၇း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမှိုင့်လွင်)
- ၇း၂၀ စာအုပ်ပြခန်း (ရန်ကုန်ခရီးသွားဂျာနယ်)
- ၇း၄၀ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူလွင်ရဲ့ ဦးဆုံးအစ ဘဝအလှ)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၉း၂၅ ကယ်တင်ကြစို့ တို့ကမ္ဘာ
- ၉း၃၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၆)**
- ၁၀း၀၀ ကြိုဆိုလျက်ပါ (မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ ငှက်ပျောကြော်၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (လူရွှင်တော်လည်းလူသားပါ)
- ၁၁း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမှိုင့်လွင်)
- ၁၁း၁၅ သောတ္တိသေနာသမ္မုလ ဇာတ်တော်ကြီး (ရန်ကုန်ပန်တျာကျောင်း)
- ၁၁း၅၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂း၀၀ မင်းလှရေလှောင်တမံ
- ၁၂း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၃

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ် (၂၂) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကြည့်မြင်တိုင်ထီးတန်းအိမ်ရာစီမံကိန်းနေရာမှ ဗိုလ်တထောင် သန်လျက်စွန်း အထိ ၅ဒသမ ၈မိုင်ရှည်လျားသည့် တိုးချဲ့ကမ်းနားလမ်းသစ် စတင်ဖောက်လုပ် မျက်နှာဖုံး အထူးသတင်း၊ ဧရာဝတီစေတနာ ဧရာဝတီအသိနှင့် ဧရာဝတီတာဝန်နှင့် တစ်နိုင်ငံလုံး စိတ်ဝင်စားသည့် ရန်ကုန်မြို့တော် စည်ပင်အထင်ကရဈေးကြီးများ အထူးသတင်းဆောင်းပါးများနှင့် အထူးသတင်းဓာတ်ပုံများ၊ မောင်ဝံသ၊ ပါမောက္ခဒေါက်တာ အောင်ထွန်းသက် အောင်(ဆေး-၁)တို့၏ လေ့လာမှတ်သားဖွယ်ရာဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ခေတ်သစ်ပြည်သူ့ပါတီရဲ့ လမ်းစဉ်က အကြွင်းမဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ပါ၊ အားလုံးနဲ့လက်တွဲပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်ချင်ပါတယ်ဟု ဆိုလာသည့် ခေတ်သစ်ပြည်သူ့ပါတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မောင်စူးစမ်း၏ လွှတ်တော်နိုင်ငံရေး သုံးမျိုးသုံးစား၊ သဘောထားအမြင်နှင့် ပညာခြားနား၊ စောရွှေသန်း(အလုံ)၏ နိုင်အောင်ပြိုင်ကြသော်လည်း မတူခြားနားပါသည် ဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာတစ်လွှားထူးခြားဖြစ်ရပ်များ၊ မှုခင်းသတင်းများ စသည့်ကဏ္ဍများ ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် ဆိုင်အသစ်ဝန်ဆောင်မှု အသစ်တို့ဖြင့် ဈေးကွက်အသစ် ဖွင့်လှစ်လိုက်သော စက်သုံးဆီအရောင်းဆိုင်များ၊ မြန်မာနိုင်ငံတွင် လမ်းသစ်များ ဖောက်လုပ်ရန် အိန္ဒိယအခြေစိုက် ကုမ္ပဏီတစ်ခုက စီစဉ်၊ ငလျင်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်မှုအရှိန်မြင့်၊ ဆိုးဆေးနှင့် ပတ်သက်၍ပညာပေးခြင်းများရှိနေသော်လည်း လိုက်နာမှု အားနည်းနေသေးကြောင်း တွေ့ရှိရ၊ လက်လီရောင်းချသူများ ကိုယ်တိုင် ဆေးဆိုးရောင်းချခြင်းများရှိနေ၊ တိုင်းရင်းဆေးဆရာများ ဆေးထိုးအပ်ကိုင်ဆောင်ခွင့်မရှိဟုဆို စသည့် စိတ်ဝင်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်များ စည်းကမ်းနှင့်အညီ ပြေးဆွဲရေးစစ်ဆေး

မိတ္ထီလာ ဇွန် ၁၃

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန မိတ္ထီလာခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့် ခရိုင်(မထသ)မှ ဒုတိယအတွင်းရေးမှူး ဦးကိုကိုတို့သည် မိတ္ထီလာအခြေပြု၍ နေပြည်တော်၊ မန္တလေး၊ တောင်ကြီးမြို့များသို့ ပြေးဆွဲသော ယာဉ်များနှင့်ပတ်သက်၍ ယာဉ်ကြွခိုင်မှုရှိ၊ မရှိ၊ ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ယာဉ်မောင်းလိုင်စင်ပါ စည်းကမ်းချက်များ ပြည့်စုံမှုရှိ၊ မရှိ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ပြေးဆွဲစေရေး၊ ခရီးသည်များ၏ ခရီးသွားလာမှု လုံခြုံချောမွေ့စေရေးကို ဇွန် ၄ရက် နံနက်ပိုင်းမှစ၍ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(ဝဲပုံ)**

(၀၇၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူဖွံ့ဖြိုးတိုးတက်အောင် အနှောင့်အယှက် အဟန့်အတား အမျိုးမျိုးကိုကျော်လွှားပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

✧ရွှေဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် ကြံခင်း-ပခုက္ကူ မီးရထားလမ်းစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဆိပ်ဖြူ - ယောချောင်းအပိုင်း မီးရထားလမ်း ၂၂ မိုင် ပြီးမြောက်ခဲ့ပြီဖြစ်၍ ဖွင့်လှစ်သည့်အခမ်းအနား ဖြစ်ပါကြောင်း။

ဤကြံခင်း-ပခုက္ကူမီးရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ဒေသခံပြည်သူများအတွက် ဆက်သွယ်သွားလာရန် အလွန်အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ဖြစ်ကြောင်း၊ ဤရထားလမ်းကြီး ပြီးမြောက်သွားလျှင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ ကြံခင်းမြို့ကို ဖြတ်ပြီး မကွေးတိုင်းအတွင်း ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မြို့ရွာများကိုဖြတ်ကာ မန္တလေးအထိ လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူဖြစ်သလို တိုင်းရင်းသားပြည်သူများအားလုံး ကူးလူးဆက်သွယ် သွားလာနိုင်တဲ့ သွေးစည်းညီညွတ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်းဖြစ်တယ်” ဟု လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေ၊ မြေ ခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများအပါအဝင် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံကာ ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံတွင် မီးရထားလမ်း ခရီးမိုင်ပေါင်း ၁၉၇၆ မိုင်နှင့် ဘူတာရုံပေါင်း ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသများ ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသလမ်းများကိုပါ အရှိန်အဟုန်ဖြင့် ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် မတိုင်မီက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင် နှစ်သောင်းကျော်သာ ရှိခဲ့ရာမှ ယခုအခါတွင် စုစုပေါင်းလမ်းမိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ မော်တော်ကားလမ်းများနှင့်အတူ တံတားပေါင်းများစွာကိုလည်း တည်ဆောက်ပေးခဲ့ရာတွင် ယခု တည်ဆောက်ဆဲ ဧရာဝတီတံတား(ပခုက္ကူ)၊ ဧရာဝတီတံတား (မလွန်)တို့ အပါအဝင် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည့် တံတားကြီး/ ငယ်ပေါင်း သုံးထောင့်တစ်ရာ ခုနစ်ဆယ့်ငါးစင်းကို တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ယခုအခါ ဤတံတားများကို အသုံးပြုပြီး မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုမြို့မှ

လည်းကောင်း သွားလာနိုင်မည်ဖြစ်သည့်အပြင် မင်းဘူးမြို့မှ ဖောက်လုပ်ဆဲ မင်းဘူး - အမ်း-ကျောက်တော်- စစ်တွေ မီးရထားလမ်းအတိုင်း ရခိုင်ပြည်နယ် စစ်တွေမြို့အထိ မီးရထားဖြင့် ဆက်သွယ်သွားလာနိုင်ကြတော့မှာ ဖြစ်ကြောင်း။

မီးရထားလမ်း ခရီးမိုင်ပေါင်း ၃၄၃၃ မိုင်နှင့် ဘူတာရုံပေါင်း ၈၇၅ ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် စက်ခေါင်း၊ ရထားတွဲနှင့် ကုန်စည်တွဲများကို တိုးချဲ့တည်ဆောက်ခြင်း၊ အရည်အသွေးမြှင့်တင်ခြင်းအပြင် ကွန်ကရစ် တောင်ဘက်ဖျား ကော့သောင်းအထိ လည်းကောင်း၊ မြန်မာနိုင်ငံ အရှေ့ဖျားမြို့များမှ အနောက်ဖျား စစ်တွေမြို့အထိသို့ လည်းကောင်း တစ်နိုင်ငံလုံး အရှေ့၊ အနောက်၊တောင်၊ မြောက် အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီဖြစ်ကြောင်း။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်စိုး၊ ဝန်ကြီး ဦးခင်မောင်မြင့်၊ ဝန်ကြီး ဦးဇော်မင်း၊ ဝန်ကြီး ဦးအောင်မင်းနှင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သော်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အလွန်အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေနှင့် ပြည်ထောင်စုကြီး တစ်ခုလုံး နယ်မြေဒေသ တစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေး ကွန်ရက်များကို တည်ဆောက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက “လမ်းပန်းဆက်သွယ်ရေး ဇလီဖားတုံးစက်ရုံများကိုလည်း ဆောက်လုပ်ခဲ့ကြောင်း။

မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေသည့် တစ်ချိန်တည်းမှာပင် မော်တော်ကားလမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ကျေးရွာချင်းဆက် လမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက် လမ်းများ၊ ဒေသတစ်ခုနှင့် တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သည့်လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရသည့် နေရာဒေသက ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေးလာရေးလွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံများ တိုးတက်လာစေရန် ဆိုသော စိတ်ရင်းစေတနာအမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်းပြည်ပ အနှောင့်အယှက် အဟန့်အတား၊ အနှောင့်အယှက်အမျိုးမျိုးကို ကျော်လွှားပြီး အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

ပြည်တွင်းအားသည် ပြည်တွင်းမှာပင် ရှိကြောင်း၊ သူတစ်ပါးအပေါ် အမှီအခိုကင်းသည့်နိုင်ငံအဖြစ် ကိုယ့်ခြေထောက်ပေါ် ကိုယ် ခိုင်ခိုင်မာမာ မားမားမတ်မတ် ရပ်တည်နိုင်အောင် မိမိတို့ ကြိုးစားကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ အလွန်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့်အတွက် ဤအရင်းအမြစ်များကို မိမိတို့၏ ပေါင်းစည်းညီညွတ်သည့်အား၊ မိမိတို့၏စွမ်းရည်များနှင့်ပေါင်းစပ်ပြီး မိမိတို့တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ နိုင်ငံသားတိုင်း အလုပ်ကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ဤရထားလမ်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့်ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းအဖြစ်ခံယူပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ သာယာဝပြောတိုးတက်မြင့်မားလာအောင် အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန်၊ ဤရထားလမ်းကြီး သားစဉ်မြေးဆက်တိုင် အသုံးချနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ မြစ်ချောင်းများ၊ တောင်တန်းကြီးများသည် မြောက်နှင့် တောင် စီးဆင်းသွယ်တန်းလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ၏ အထင်ကရမြစ်ဖြစ်သည့် ဧရာဝတီမြစ်သည်လည်း မြန်မာနိုင်ငံကို မြောက်မှ တောင်သို့ အလယ်ကနေ ပိုင်းခြားစီးဆင်းနေပြီး လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ကားလမ်းနှင့် ရထားလမ်း အများစုသည်လည်း ရေမြေသဘာဝ အနေအထားအရ ဧရာဝတီမြစ်၏ အရှေ့ဘက်ခြမ်းတွင်သာ ဆက်သွယ်ဖောက်လုပ်ထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ဒေသများသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများထက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခဲ့မှုကြောင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု လျင်မြန်ကောင်းမွန်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊

ဤသို့ မတူခြားနားသည့် အခြေအနေများကို တန်းတူညီတူ၊ သာတူညီမျှဖြစ်စေလိုသည့် တပ်မတော်အစိုးရလက်ထက်တွင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီ အနောက်ဘက်ခြမ်းနှင့် အရှေ့ခြမ်းသို့ ဆက်သွယ်သွားလာနိုင်မည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

(14-6)07.pmd 1 6/14/2010, 1:41 AM

ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် မေ ၁၉ ရက်တွင် စတင်ဖောက်လုပ်ခဲ့ ခရီးမိုင်အရှည် ၂၂ မိုင်ရှိပြီး လမ်းပိုင်းတစ်လျှောက် ဘူတာခြောက်ဘူတာ တည်ဆောက်ထား ရထားခရီးစဉ်ကို ဇွန် ၁၃ ရက်မှစ၍ သုံးရက် အခမဲ့ပြေးဆွဲပေးမည်

ဖောက်လုပ်ခဲ့ပြီး တံတားကြီး/ငယ်ပေါင်း ၅၄ စင်း၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံးကွေ့ဒီဂရီ ၉ ဒီဂရီနှင့် ကွေ့ပေါင်း ၃၆ ကွေ့၊ အများဆုံး ဆင်ခြေလျှော ၁း၁၀၀ ဖြစ်ကြောင်း။ ဆက်လက်ပြီး ဖောက်လုပ်ရန် ရှိနေသေးသည့် လမ်းပိုင်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖောက်လုပ်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

စတင်ဖောက်လုပ်

နေပြည်တော်ကိုဗဟိုပြု၍ ဒေသအသီးသီးသို့ ရထားလမ်း ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်၊ နေပြည်တော်-ချောက်ရထားလမ်းများ ပြေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်သည့်အပြင် နေပြည်တော်မှ ကယားပြည်နယ်သို့ တိုက်ရိုက်သွားလာနိုင်ရန် နေပြည်တော်-တပ်ကုန်း-ပင်လောင်းလမ်းပိုင်း ၁၀၅ မိုင်အရှည် ရထားလမ်းကို ယခုနှစ် မေလ ၁၃ ရက်နေ့က စတင် ဖောက်လုပ်နေပြီဖြစ်ကြောင်း။

အထိ ရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ပခုက္ကူမှတစ်ဆင့် မန္တလေး၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားအထိ သွားလာနိုင်မည်လည်း ဖြစ်ကြောင်း။

နိုင်ငံအနှံ့ဖောက်လုပ်ပေး

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး မဟာဗျူဟာကို အခြေခံ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ-

(၁) မိုးတားကြီး-ဗန်းမော်ရထားလမ်း (၈၁ ဒသမ ၃၂)မိုင်
(၂) မိုးနဲ-ကျိုင်းတုံရထားလမ်း (၂၂၆)မိုင်
(၃) ထားဝယ်-မြိတ်ရထားလမ်း (၁၃၂ ဒသမ ၅၀)မိုင်
(၄) မင်းဘူး - အမ်း - ရေချမ်းပြင် ရထားလမ်း (၂၄၅ ဒသမ ၅၄)မိုင်
(၅) ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ) ရထားလမ်း (၈၉)မိုင်
(၆) ပြည်(ရွှေတံခါး) - တောင်ငူ (ကျေးတော) - နေပြည်တော် ရထားလမ်း (၁၂၀)မိုင်
(၇) ဟသ်ာတ-ညောင်တု... လမ်း (၄၈)မိုင်
(၈) မင်းလှ-ဆိပ်ဖြူ-ယော... ကျွန်းချောင်း (၉၈ ဒသမ ၃၀)မိုင်
(၉) ရွာတော်-ကန်ပြား ရ... (၆၅ ဒသမ ၂၀)မိုင်
(၁၀) နေပြည်တော် - တ... ပင်လောင်း (၁၀၅)မို... ဆက်လက်ဖောက်လု... ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေး ဝန်... မြန်မာ့မီးရထားအနေနဲ့ ရထား... ပိုမိုတိုးတက် ကောင်းမွန်အော... ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ...

ဆိပ်ဖြူ-ယောချောင်း ...

❑ စာမျက်နှာ ၇ မှ
ဧရာဝတီမြစ်ကူး တံတားကြီးများနှင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့်လည်း ယခင်ဖောက်လုပ်ပြီးသား ပုသိမ်မှ ကြံခင်းအထိရှိနေသည့် ရထားလမ်းကို ကြံခင်းမှ ပခုက္ကူအထိ ဆက်လက်ဖောက်လုပ်ပေးခြင်းဖြင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိက ပင်မရထားလမ်းမကြီးအဖြစ် အကောင်အထည်ပေါ်လာပြီး ပုသိမ်မှ ကြံခင်း-ပခုက္ကူ-ကလေး၊ မန္တလေး-မြစ်ကြီးနား အစရှိသည်ဖြင့် ဖောက်လုပ်ပြီးသား ရထားလမ်းများနှင့် ဆက်စပ်ကာ တစ်မြို့နှင့်တစ်မြို့ အပြန်အလှန် ရထားဖြင့် သွားလာနိုင်စေရန် စီမံဆောင်ရွက်ခဲ့ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

၎င်းရထားလမ်းပိုင်းကို ၁၉-၇-၂၀၀၇ ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် သုံးနှစ်တာကာလအတွင်း အချိန်တိုတိုဖြင့် နေ့ညမအား ဖောက်လုပ်ဆောင်ရွက်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများ အားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ၎င်းရထားလမ်း အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ ကြံခင်း-ပခုက္ကူ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အရှည်မိုင် ၂၂ ဒသမ ၀၀ မိုင်ရှိသည့် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

လမ်းညွှန်

နိုင်ငံတော်အကြီးအကဲက **"ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေး အခြေအနေ တန်းတူညီတူဖြစ်စေရန် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင်ဖောက်လုပ်ပြီးဖြစ်တဲ့ ရထားလမ်းများနဲ့ ဆက်စပ်ပြီး ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေးအထိ သွားရောက်နိုင်မှာဖြစ်ကြောင်း"** လမ်းညွှန်ခဲ့ကြောင်း။

အဆိုပါ လမ်းညွှန်ချက်နှင့်အညီ ကြံခင်း-ပခုက္ကူရထားလမ်း မိုင် ၃၂၀ ကို ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင် ၁၁၀ စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်းတွင် အပိုင်းလိုက်ဖောက်လုပ်ခဲ့သည့် ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ၃၈ မိုင်ကို ၁-၃-၂၀၀၈ ရက်နေ့တွင် လည်းကောင်း၊ ဥသျှစ်ပင်-ကံမ လမ်းပိုင်း ၃၅ မိုင်ကို ၂၂-၃-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ ကံမ-သရက်လမ်းပိုင်း ၃၅ မိုင်ကို ၁၇-၁၀-၂၀၀၉ ရက်နေ့တွင်လည်းကောင်း၊ သရက်-ပွင့်ဖြူလမ်းပိုင်းတွင် သရက်-မင်းလှ လမ်းပိုင်း ၅၂ ဒသမ ၇၀ မိုင်ကို ၁၄-၃-၂၀၁၀ ရက်နေ့တွင် လည်းကောင်း၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်းတွင် ပခုက္ကူ-ကျွန်းချောင်းလမ်းပိုင်း ၂၇ မိုင်ကို ၂၀-၁၁-၂၀၀၉ ရက်တွင် လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ ပွင့်ဖြူ-ပခုက္ကူအပိုင်းမှ ဆိပ်ဖြူ-ယောချောင်း လမ်းပိုင်း ၂၂ ဒသမ ၀၀ မိုင်ကို ဖောက်လုပ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆိပ်ဖြူ-ယောချောင်း လမ်းပိုင်းကို ၁၉-၅-၂၀၀၇ ရက်နေ့တွင် စတင်

မြစ်ကြီးနားအထိသွားလာနိုင်

၎င်း "ကြံခင်း-ပခုက္ကူ" ရထားလမ်းကို ဖောက်လုပ်ပြီးစီးပြီဆိုလျှင် မူလကရှိပြီးဖြစ်သည့် ပုသိမ်-ကြံခင်း ရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းများနှင့် ဆက်မိသွားပြီး ပုသိမ်မှ ကလေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❑ **နေပြည်တော်ကိုဗဟိုပြု၍... လမ်းကြောင်းများဖြစ်သ... နေပြည်တော်-မန္တလေး၊ ... လွိုင်ကော်၊ နေပြည်တေ... ပြီးဖြစ်။**

❑ **နေပြည်တော်မှ ကယ... နေပြည်တော်-တပ်ကုန်း-... လမ်းကို ယခုနှစ် မေလ...**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၇) ဟသ်ာတ-ညောင်တုန်းရထားလမ်း (၄၈)မိုင်

(၈) မင်းလှ-ဆိပ်ဖြူ-ယောချောင်း-ကျွန်းချောင်း (၉၈ ဒသမ ၃၀)မိုင်

(၉) ရွှာတော်-ကန်ပြား ရထားလမ်း (၆၅ ဒသမ ၂၀)မိုင်

(၁၀) နေပြည်တော် - တပ်ကုန်း - ပင်လောင်း (၁၀၅)မိုင် တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ကြောင်း။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေနဲ့ ရထားလမ်းများ ပိုမိုတိုးတက် ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ ဦးတင်စိုးက ဆိပ်ဖြူ - ယောချောင်း ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူဘူတာရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေတို့က ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရထားလမ်းပိုင်းဖွင့်ပွဲ အထိမ်းအမှတ် ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများက ကမ္ဗည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး ရထားဖြင့် လိုက်ပါမည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်သည် အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယခုဖွင့်လှစ်လိုက်သည့် ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် မေ ၁၉ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်အရှည်မှာ ၂၂ မိုင်ရှိသည်။ လမ်းခရီးတွင် ပေ ၁၈၀ အထက် တံတားတစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၅၃ စင်း စုစုပေါင်း တံတား ၅၄ စင်းကို တည်ဆောက်ထားသည်။

လမ်းပိုင်းတစ်လျှောက် ဘူတာခြောက်ဘူတာ တည်ဆောက်ထားပြီး ရထားခရီးစဉ်ကို ဇွန် ၁၃ ရက်မှစ၍ သုံးရက် အခမဲ့ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

...တော်ကိုဗဟိုပြု၍ ဒေသအသီးသီးသို့ ရထားလမ်းဆက်သွယ်ရေး ...ကြောင်းများဖြစ်သည့် နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ ...တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်- ...တ်၊ နေပြည်တော်-ချောက် ရထားလမ်းများ ပြေးဆွဲပေးနိုင်ခဲ့

...တော်မှ ကယားပြည်နယ်သို့ တိုက်ရိုက်သွားလာနိုင်ရန် ...တော်-တပ်ကုန်း-ပင်လောင်းလမ်းပိုင်း ၁၀၅ မိုင်အရှည် ရထား ... ယခုနှစ် မေလ ၁၃ ရက်နေ့က စတင်ဖောက်လုပ်နေပြီ။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်

ရန်ကုန် ဇွန် ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ ကသာမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ဂွမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ကန့်ဘလူမြို့နှင့် ဇောင်းတူမြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီနှင့် ကျောက်ပန်းတောင်းမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်တင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၄ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်/ဆက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်

တောင်ကြီး ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက်က တောင်ကြီးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်၊ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ရာ ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းနှင့် ပင်လောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွှန့်ရွှေတို့က လက်ခံကြသည်။ အဆိုပါ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ငွေမှာ ဝန်ထမ်းသားသမီး ၅၇ ဦးအတွက် ငွေကျပ် ၁၃၇၅၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ပြည်နယ်ပြန်/ဆက်)

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်း မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက နိုင်ငံ၏ အဓိကကျသည့် စီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အလေးထားဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အစည်းအဝေးခန်းမအပြင်ဘက်၌ ပြသထားသော အထူးပြုကုမ္ပဏီများ၏ လှုပ်ရှားမှု ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌက မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ကမ္ဘာနှင့် မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးနှုန်းများနှင့် ပြည်တွင်းဆန်စပါးစီးဆင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အထူးပြုကုမ္ပဏီများနှင့် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြပြီး တာဝန်ရှိသူများက ဖြည့်စွက်သုံးသပ်တင်ပြကြသည်။

ယင်းနောက် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အထွေထွေမန်နေဂျာက ဆန်စပါးပို့လျှံရာ ပြည်နယ်နှင့် တိုင်းများတွင် မြို့နယ်အလိုက် ဆန်စပါးအထူးပြုကုမ္ပဏီများ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးကြပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် ပူးပေါင်းဆောင်ရွက်

ကျိုက်မရော ဇွန် ၁၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ဒွန်းကျေးရွာတွင် မေ ၂၂ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျိုက်မရောမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာ/ရပ်ကွက်ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ပဲခူးတိုင်းအတွင်းရှိ တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကားပြောကြားစဉ်။ (တိုင်းပြန်/ဆက်)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပဲခူးတိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာတင်အောင်အေး၊ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ဒေါ်ခင်လှမြင့်တို့သည် ပဲခူးတိုင်းအတွင်းရှိ တိုင်းကော်မရှင်အဖွဲ့ခွဲဝင်များ၊ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဇွန် ၉ ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ရှိ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စု မြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကြိုတင်စီစဉ်ထားရှိရမည့် လုပ်ငန်းများ၊ လက်တွေ့ဆောင်ရွက်ရာတွင် လိုက်နာရမည့်အချက်များ၊ ဖြေရှင်းရမည့်အခက်အခဲများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနိုင်းမြို့ မြို့မဈေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တနိုင်း ဇွန် ၁၃

ကချင်ပြည်နယ် တနိုင်းမြို့နယ် မြို့မဈေးအတွင်း/အပြင် သန့်ရှင်းရေးကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း ကွင်းဆင်းစစ်ဆေးကာ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်များစွန့်ပစ်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဓဝုံ)**

(မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

MO ASIA Co.,Ltd.-Dumex က ကြီးမှူး၍ သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

MO ASIA Co.,Ltd.-Dumex က ကြီးမှူး၍ ဇွန် ၁၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ကလေးများနေ့နှင့် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ တက်ရောက်ဆေးကုသမှု ခံယူနေသော ကလေးငယ်များအတွက် သွေးလှူဒါန်းပွဲ၊ ပျော်ရွှင်ဖွယ်အစီအစဉ်များနှင့် အာဟာရအတွက် Dumex နို့မှုန့်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ MO ASIA Co.,Ltd.-Dumex မှ တာဝန်ရှိသူတစ်ဦးက သွေးလှူဒါန်းပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Dumex နို့မှုန့်များကို လှူဒါန်းရာ တွဲဖက်ပါမောက္ခ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် Dumex Brand Ambassador ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ လူမင်းက ကလေးငယ်များအတွက် ပျော်ရွှင်ဖွယ်အစီအစဉ်များအဖြစ် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းနှင့် သွေးလှူဒါန်းပွဲကို ကျင်းပရာ ဆေးရုံတွင် တက်ရောက်ကုသနေသော ကလေးငယ်များ၊ သွေးလှူရှင် Dumex World Member များ၊ အခြားစေတနာဖြူစင် သွေးလှူရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ဆေးရုံတာဝန်ရှိသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Fuji Xerox မိုးရာသီ အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

CONCORDIA Int'l Co., Ltd. နှင့် Fortune International Co., Ltd.တို့ ပူးပေါင်းကျင်းပသည့် မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel တွင် ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်တွင် CONCORDIA Int'l Co., Ltd. မှ တစ်ဦးတည်းတင်သွင်း ဖြန့်ချိရောင်းချလျက်ရှိသော Fuji Xerox အမှတ်တံဆိပ်၊ Colour Laser Printer များ၊ ဘက်စုံသုံး Copier များ၊ Toner Cartridge များကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

Fuji Xerox အမှတ်တံဆိပ်၊ Colour Laser Printer Copier သုံးစွဲသူများနှင့် ဝယ်ယူရန် ပြင်ဆင်နေသူများ၊ DTP ဆိုင်များ၊ Colour ဖြင့် Presentation ပြုလုပ်ချင်သူများ၊ Offset အစားထိုးသုံးစွဲရန် ပြင်ဆင်နေသူများ၊ ရုံးလုပ်ငန်းအတွက် Colour စာရွက်ဖြင့် အသုံးပြုချင်သူများနှင့် ပြပွဲလာရောက် ဝယ်ယူကြည့်ရှုလေ့လာသူများကိုလည်း နည်းပညာနှင့် ပတ်သက်သော Colour Theory အကြောင်း ရှင်းလင်းတင်ပြခြင်း၊ အသုံးပြုပုံကို လက်တွေ့ပြသခြင်း၊ တစ်မျက်နှာ ကုန်ကျစရိတ် အသေးစိတ် တွက်ချက်ပုံများကို Fuji Xerox မှ ကျွမ်းကျင်ဝန်ထမ်းများက ပြုလုပ်ပေးသွားမည့်အပြင် Lastest Technology များ လေ့လာနိုင်ခြင်း၊ ကာလာလေဆာပရင်တာ Copier များကို စိတ်ကြိုက်စမ်းသပ် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် Fuji Xerox Copier နှင့် Printer ဝယ်ယူသူတိုင်းအား သုံးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းထိ လျှော့၍ ရောင်းချပေးခြင်း၊ လက်ရှိသုံးစွဲနေသော Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် Toner နှင့် Drum များအား သုံးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းလျှော့ချ ရောင်းချပေးသွားခြင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်း ပေးသွားမည်ဖြစ်ကြောင်းနှင့် Colour Laser Printer DPC 525 A & PE 220 (4in1) သုံးစွဲနေသော Customer များအတွက် Original Toner Cartridge များကို အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်ဝယ်ယူလိုပါက CONCORDIA International Co., Ltd. ရန်ကုန်မြို့တွင် သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၉-၈၀၃၁၃၇၃၊ ၀၉-၉၉၂၈၈၁၇၊ ၀၁-၇၃၀၀၉၂၂၃၊ ၅၄၄၈၂၄၊ မန္တလေးမြို့တွင် အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း (၃၀)၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၆၄၇၈၊ နေပြည်တော်တွင် အမှတ် (၀၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၃

CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းက စီစဉ်ပြီး စာရေးဆရာကျော်ဝင်း ဆွေးနွေးဟောပြောမည့် The World is Flat but.... ခေါင်းစဉ်နှင့် ဟောပြောဆွေးနွေးပွဲကို ဇွန် ၂၆ ရက်တွင် ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲ တက်ရောက်ချင်သူများအနေဖြင့် ဇွန် ၁၈ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၅၀၇၃၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း(ငြိမ်း)နှင့် ဒေါ်ဝေဝေထွန်း[သုတေသနမှူး (ငြိမ်း)၊
မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန]တို့၏ တစ်ဦးတည်းသောသား
ဒေါက်တာစည်သူ M.B.,B.S(Ygn)
တိုက်နယ်ဆရာဝန်၊ တလုတ္တော် တိုက်နယ်ဆေးရုံ၊ ဟသ်ာတ
နှင့်
ရန်ကုန်မြို့နေ
(ဗိုလ်ကြီးမြင့်စိုး-ငြိမ်း)နှင့် ဗိုလ်မှူး ကြည်ကြည်တင်(ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာလဲ့သန္တာစိုး M.B.,B.S(Ygn)
လက်ထောက်ဆရာဝန်၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး

တို့၏ ၅-၆-၂၀၁၀ရက်တွင် Traders Hotel (Myanmar Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော ပါမောက္ခ ဒေါက်တာ ဦးသာလှရွှေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်)နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်လေးမြင့် (ကထိက-ငြိမ်း၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)တို့အားလည်းကောင်း၊ ၁-၆-၂၀၁၀ရက်တွင် Sedona Hotel (Mindon room)၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့်ဇနီး ဒေါ်အေးခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့် ဒေါက်တာဦးငွေးနိုင်(ခွဲစိတ်အထူးကုဆရာဝန်ကြီး)တို့အားလည်းကောင်း၊ မင်္ဂလာကိစ္စများကို အထူးဝိုင်းဝန်းဆောင်ရွက်ပေးသော ဦးဝင်းသိမ်း (မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်လှလှဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲတွင် မိတ်ကပ်ပြင်ဆင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှဆင်ယင်ပေးသော လင်းလင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် Video ရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံပေးသော စန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော Love invitation card မှ မခင်သန်းမြင့်၊ မင်္ဂလာဝတ်စုံများချုပ်လုပ်ပေးပါသော ဒေါ်လာမြင့်အောင်၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာအေးသီတာလတ်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာနှင်းဦးပွင့်၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာမြတ်သန္တာအောင်တို့အားလည်းကောင်း၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာသိန်းနိုင်လင်းနှင့် မောင်ကျော်ကျော်သိန်း၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာအေးအေးဟန်နှင့် ဒေါက်တာမြင့်မြင့်လှိုင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလည်းကောင်း၊ Traders Hotel နှင့် Sedona Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၅-၆-၂၀၁၀ ရက်ညတွင် Western Park Royal Restaurant ၌ ကျင်းပပြုလုပ်သော ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအား ကျေးဇူးအထူးပင်တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစည်သူ-ဒေါက်တာလဲ့သန္တာစိုး

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

နောက်ကျပယ်နယ်တီဂိုးဖြင့် ဆာဘီးယားကို ဂါနာ အနိုင်ယူ ပထမဆုံးနိုင်ပွဲရသည့် အာဖရိကအသင်းဖြစ်လာ

ဂျိုဟန်နစ္စဘတ် ဇွန် ၁၃

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ တတိယနေ့ ပထမပွဲစဉ်အဖြစ် အုပ်စု(C) မှ အယ်လ်ဂျီးရီးယားအသင်းနဲ့ ဆလိုဗေးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆလိုဗေးနီးယားအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

တစ်ယောက်လျော့

အယ်လ်ဂျီးရီးယားအသင်းဟာ ပွဲဦးထွက် ရလဒ်ကောင်းမွန်နိုင်ရေးအတွက် ဘယ်ဟာဒီ၊ ဟာလီချီ၊ ယာဟီရာ၊ ယက်ဒါ၊ လာစင်၊ မက်မိုယူ၊ ဇီယာနီ၊ ဂျီဘရူးတို့နဲ့ ပွဲထွက်လာပေမယ့် ဆီဆာ၊ ဆူလာ၊ ဂျိုကစ်၊ ဘရက်ကို၊ ရောဘတ်ကိုရန်၊ ဘရီဆာ၊ အန်ဒရာကရင်၊ ဒီဒစ်နဲ့ နိုဗာကိုဗစ်တို့ ပါဝင်တဲ့ ဆလိုဗေးနီးယားအသင်းကို ခြေရည်တူမကစားနိုင်ခဲ့တဲ့အပြင် ပွဲချိန် ၇၃ မိနစ်မှာ အယ်လ်ဂျီးရီးယား တိုက်စစ်မှူး ဂါဟီဇယ်လ်နှစ်ဝါ၊ တစ်နီနဲ့ ထုတ်ပယ်ခံရတာကြောင့် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့နဲ့ ကစားခဲ့ရပါတယ်။

ဆလိုဗေးနီးယားအသင်းဟာတစ်ယောက်လျော့သွားတဲ့ အယ်လ်ဂျီးရီးယားအသင်းကို တရစပ်ဖိအားပေးတိုက်စစ်ဆင်လာခဲ့ရာ ပွဲချိန် ၇၉ မိနစ်မှာ ဆလိုဗေးနီးယားအသင်းခေါင်းဆောင် ရောဘတ်ကိုရန်က ဂိုးစည်းထိပ်ကနေ အမှတ်မထင် လှမ်းကန်ရာ အယ်လ်ဂျီးရီးယား ဂိုးသမား ချာအူချီရဲ့ ဘယ်ဘက်ကနေ ဂိုးဝင်သွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဆလိုဗေးနီးယားအသင်းက အနိုင်ကို ထိန်းပြီး သုံးမှတ်အပြည့် ရယူနိုင်ခဲ့ပါတယ်။

ဆာဘီးယား ၀-၁ ဂါနာ

ဒုတိယပွဲစဉ်အဖြစ် ဆာဘီးယားအသင်းနဲ့ ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂါနာအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။ ဂါနာအသင်းအတွက် ဂိုးကို ပွဲချိန် ၈၄ မိနစ်မှာ ဂျီယန်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူပေးခဲ့ပြီး ၇၄ မိနစ်မှာ ဆာဘီးယား ကစားသမား လူကိုဗစ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပါတယ်။ ဂါနာဟာ ဒီပွဲအနိုင်ရလိုက်ခြင်းကြောင့် ပထမဆုံးနိုင်ပွဲရတဲ့ အာဖရိကအသင်း ဖြစ်လာပါတယ်။

အင်္ဂလန် ၁-၁ အမေရိကန်

တနင်္ဂနွေနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အင်္ဂလန်နဲ့ အမေရိကန်တို့ ပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်ခဲ့ပါတယ်။

ဝင်းတင်(ကြေးမုံ)

ဆလိုဗေးနီးယားအတွက် ရောဘတ်ကိုရန် အနိုင်ဂိုး သွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်၊ အီတလီနှင့်ကင်မရွန်းတို့ ခက်ခက်ခဲခဲ ရှုန်းကန်ရမည့် ၂၀၁၀ ကမ္ဘာ့ဖလား စတုတ္ထနေ့ပွဲစဉ်များ

ကျင်းပလျက်ရှိနေတဲ့ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေမှာ အသင်းကြီးတွေ ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲ ခက်ခက်ခဲခဲ ရှုန်းကန်နေရတာကို တွေ့ရပါတယ်။ အုပ်စုရဲ့ စတုတ္ထနေ့ပွဲစဉ်တွေမှာလည်း နယ်သာလန်နဲ့ ဒိန်းမတ်၊ ဂျပန်နဲ့ကင်မရွန်း၊ အီတလီနဲ့ ပါရာဂွေးတို့လို ခြေညီတဲ့ အသင်းတွေ ဆုံတွေ့နေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ပွဲတွေ ဖြစ်လာဦးမှာပါ။

နယ်သာလန်-ဒိန်းမတ်
၁၄-၆-၂၀၁၀(တနင်္လာနေ့)
ညနေ ၆နာရီ

ဗန်မားဝစ်ကိုင်တွယ်နေတဲ့ နယ်သာလန်အသင်းဟာ ခြေစစ်ပွဲတစ်လျှောက်လုံး ရှုံးပွဲမရှိ ခြေစွမ်းပြနိုင်ခဲ့သလို ဗိုလ်စွဲရန် ရေပန်းစားနေတဲ့ အသင်းတွေထဲမှာ တစ်သင်းအပါအဝင်ဖြစ်ပါတယ်။ ဘိုလာရုဇ်၊ ဘရွန်ခရော့စ်၊ ဒီဂျုန်း၊ ရှုနိုက်ဒါ၊ ဗန်ဘွန်မဲလ်၊ ဗန်ဒါဗက်၊ ဘာဘယ်၊ ဟန်တယ်လာ၊ ဒရက်ကောက်၊ ရော်ဘင်နဲ့ ဗန်ပါစီတို့လို ကမ္ဘာ့အဆင့်အတန်းမီ ကစားသမားတွေရှိနေတဲ့ နယ်သာလန်အသင်းဟာ ဂျာကော့ဆန်၊ ဂရွန်ဂျာ၊ ဘန်တနာ၊ တိုမက်ဆင်နဲ့ လာဆင်တို့ ပါဝင်တဲ့ ဒိန်းမတ်ထက် ကစားကွက်၊ ကစားအားအပြင် သမ္မာလည်းသာပါတယ်။ ဒိန်းမတ်ရဲ့ လျင်မြန်သွက်လက်တဲ့ ကစားဟန်ကြောင့် နယ်သာလန်အခက်တွေ့နိုင်ပေမယ့် တိုက်စစ်မှူးကောင်းတွေရှိနေတဲ့ နယ်သာလန်အသင်းပဲ အနိုင်ရသွားမှာပါ။

ဂျပန်-ကင်မရွန်း
၁၄-၆-၂၀၁၀(တနင်္လာနေ့)
ည ၈း၃၀နာရီ

အာရှဇုန်ကတက်လာတဲ့ ဂျပန်အသင်းဟာ နည်းပြအိုကာဒါ လက်အောက်မှာ ခြေစွမ်းတည်ငြိမ်နေပါတယ်။ ဂျပန်အသင်းက နာကာဇာဝါ၊ ယူကီအဘီ၊ တာနာကာ၊ အူချီဒါ၊ အန်ဒိုနဲ့ အိုအာဇာကီတို့ဟာ အတွေ့အကြုံ ရင့်ကျက်ပြီး အားထားရတဲ့ ကစားသမားတွေပါ။ ဒါပေမယ့် ပြိုင်ဘက်ကင်မရွန်းအသင်းမှာလည်း ရီဂိုဘတ်ဆောင်း၊ အလက်ဇန္ဒားဆောင်း၊ ဂျရမီး၊ အီတူးမာကွန်း၊ ဘတ်စ်ဆောင်းနဲ့ အီကော့တိုတို့လို ဥရောပမှာ သွားရောက်ကစားနေတဲ့ ကစားသမားကောင်းတွေရှိနေတာကြောင့် အကြိတ်အနယ်ရှိလာမှာဖြစ်ပြီး ကင်မရွန်းဘက်က အနည်းငယ် အလေးသာနိုင်ပါတယ်။

အီတလီ-ပါရာဂွေး
၁၅-၆-၂၀၁၀(အင်္ဂါနေ့)
နံနက် ၁နာရီ

နည်းပြလစ်ပီရဲ့ အီတလီအသင်းဟာ လူကြီးနဲ့လူငယ် အချိုးညီညီ ပေါင်းစပ်ထားတဲ့အသင်းပါ။ အီတလီအသင်းမှာ အတွေ့အကြုံရင့်ကျက်တဲ့ ဘတ်ဖွန်၊ ကင်နာဗာရိုး၊ ဇမ်ဘရော့တာ၊ ဒီရော့စီ၊ ဂတ်တူဆို၊ ပီယာလို၊ ဂီလာဒီနို၊ အကွီလာနီတို့ရှိနေတာကြောင့် ဒီနစ်ကောနီဇာ ဦးဆောင်လာမယ့် ပါရာဂွေးအသင်းကို အလွယ်တကူ ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယူဆရပါတယ်။ ဒါပေမယ့် အီတလီဟာ အထနှေးတဲ့အသင်းဖြစ်တာကြောင့် ဂိုးပြတ်ဖို့တော့ ခက်နေဦးမှာပါ။

အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၁၃

ဇွန် ၁၃ ရက် နံနက် ၂ နာရီ ၀၀ မိနစ် ၁၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၆၉၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ နီကိုဘာကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် စီမံကိန်းကြီးများဖြစ်သည့် တံတားကြီး/ငယ်များကို အရည်အသွေး စံချိန်စံညွှန်းပြည့်မီစွာ တည်ဆောက် လုပ်ငန်းပမာဏရော ငွေကြေးပမာဏပါ ကြီးမားများပြားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရ၍ အမှားမရှိအောင် အထူးဂရုပြု အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေး ဟန်ချက်ညီစွာဆောင်ရွက်ရင်း အကောင်းဆုံးရလဒ်ရအောင် လုပ်ဆောင်

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့☆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရောဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှ ရောဝတီမြစ်အတွင်းနှင့် ကမ်းနှစ်ဖက်တို့၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။(အပေါ်ပုံ)

(သတင်းစဉ်)